
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 1971 - 1990)
စာစဉ်–၁၀၁

အပိုင်း ( ၁၉၇၁ )

ထိုအရာများကိုတွေးကာ ချင်းချန် ခေါင်းညိတ်လိုက်၏။

" ဒီရက်ပိုင်းအတွင်း ငါ မိုးကြိုးပင်လယ်ကို သွားမယ်၊ မင်းတို့ရဲ့ ခေါင်းဆောင်ကိုတွေ့လို့ ငါ့အကူအ ညီလိုအပ်နေရင် ငါကူညီပေးမယ်၊ ဒါပေမဲ့ မတွေ့ရင်တော့ ဒီသခင်ငယ်က သူ့ကိုလိုက်ပြီးတော့ ရှာနေမှာ မဟုတ်ဘူး၊ ဒါကို ရှင်းရှင်းလင်းလင်း နားလည်ထားရမယ် "

" ကျေးဇူးတင်ပါတယ် သခင်လေးချန် "

ဂီဟောင်ဆန် ချက်ချင်းပင် ဝမ်းသာအာရဖြင့် ပြန်ပြောလိုက်၏။

" ဒီလက်ဆောင်ကတော့ ... "

ချင်းချန် စားပွဲပေါ်ရှိအပြာရောင်သေတ္တာအား တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

" သခင်လေးချန် ဒါက ငါတို့တိုင်ရွှမ်ယီ အဖွဲ့အစည်းရဲ့ ဆန္ဒပါ၊ သခင်လေးချန် အနေနဲ့ မငြင်းဖို့ တောင်းဆိုပါရစေ၊ သခင်လေးချန် ငါတို့ခေါင်းဆောင် တုန်ချီကို တွေ့သည်ဖြစ်စေ မတွေ့သည်ဖြစ်စေ ဒီကြင်နာမှုကို လက်ခံပေးပါ "

သူ ချင်းချန်အား ချက်ချင်းပင် ပြောလိုက်၏။

ဂီဟောင်ဆန် ပေးပြီးသားပစ္စည်းကို ပြန်လည်ရယူရန်အတွက် သူ့တွင် စိတ်ကူးမရှိပေ။

" ဒါဆိုလဲ ငါ လက်ခံလိုက်မယ် "

ချင်းချန် ခဏစဥ်းစားကာ လက်ခံလိုက်သည်။

" သခင်လေးချန် ငါတို့တိုင်ရှမ်ယီ အဖွဲ့အစည်းက သခင်လေးချန်နဲ့ လိုက်ဖို့အတွက် သန်မာတဲ့လူတချို့ကို လိုအပ်သေးလား "

ချင်းချန် သဘောတူလိုက်သည်ကို မြင်လျှင် ဂီဟောင်ဆန် ထပ်မံပြောလိုက်၏။

" ငါတို့ တိုင်ရှမ်ယီ အဖွဲ့အစည်းတင်မဟုတ်ဘူး တစ်ခြားထိပ်သီးအဖွဲ့အစည်းကြီးက ကျင့်ကြံသူတွေကိုလဲ သခင်လေးချန် ခေါ်ချင်ရင်ရတယ် "

ချင်းချန် သူ၏လက်ကိုမြှောက်ကာ တားဆီးလိုက်သည်။

" မလိုအပ်ဘူး၊ ဒုဂိုဏ်းချုပ်ဂီ အနေနဲ့ မိုးကြိုးပင်လယ်ရဲ့ အပြည့်အစုံမြေပုံကို ပေးဖို့ပဲလိုအပ်တယ်၊ မင်းလူတွေက ငါ့နောက်ကိုလိုက်မဲ့အစား တစ်ခြားလမ်းကြောင်းကနေ လှုပ်ရှားတာ အကောင်းဆုံးပဲ "

မိုးကြိုးပင်လယ်ထဲသို့ ဝင်ပြီးနောက် ချင်းချန် ပထမဆုံးလုပ်မည့်အရာမှာ ဖျက်ဆီးမရသော ခန္ဓာကိုယ်ကို ကျင့်ကြံရန်ဖြစ်၏။ ထို့ကြောင့် ထိုသူများနှင့် အဖွဲ့လိုက် လှုပ်ရှားရန် သူ့တွင် စိတ်ကူးမရှိပေ။

" ကောင်းပါပြီ "

ဂီဟောင်ဆန် ခဏမျှ စဥ်းစားပြီးနောက် ခေါင်းညိတ်ကာ သဘောတူလိုက်၏။

" ဒါဆိုရင် ဒီဂီမျိုးရိုးက အရင်ပြန်လိုက်ပါဦးမယ်၊ မိုးကြိုးပင်လယ်ရဲ့ နောက်ဆုံးမြေပုံကို တတ်နိုင်သမျှ သခင်လေးချန်ကို အမြန်ဆုံးပို့လိုက်ပါ

မယ် "

" ခဏစောင့်ဦး "

ချင်းချန် ရုတ်တရက် တားဆီးလိုက်၏။

" သခင်လေးချန် ဘာများ မိန့်ကြားလိုတာ ရှိသေးလို့လဲ "

" တိုင်လီမြို့တော်မှာ တူနှစ်ကိုယ်ကျင့်ကြံခြင်းမျှော်စင်ကို တည်ဆောက်တုန်းက သူ့ရဲ့အနောက်မှာ သန် မာတဲ့အဖွဲ့တစ်ဖွဲ့ ရှိတယ်လို့ကြားတယ်၊ အဲ့ဒီအဖွဲ့ကို မင်းသိလား "

ဂီဟောင်ဆန် ထိုမေးခွန်းအားကြားလျှင် ထိတ်လန့်သွား၏။

ထို့နောက် တစ်ခဏတာ တုံ့ဆိုင်းနေပြီး ...

" တိုင်ရှမ်ယီက ဒီအကြောင်းကို အသေးစိတ်တော့မသိပါဘူး၊ သခင်လေးချန် တကယ်တော့ တူနှစ်ကိုယ် နတ်ဆိုးမျှော်စင်ရဲ့ နောက်ကွယ်မှာ ရှိတဲ့အဖွဲ့အစည်းက တော်တော်လေးကို လျှို့ဝှက်ဆန်းကြယ်ပြီးတော့ အရမ်းသန်မာလွန်းတာပဲ "

တူနှစ်ကိုယ် ကျင့်ကြံခြင်း နတ်ဆိုးမျှော်စင်က အမှန်တကယ်တော့ သေးငယ်သော အဖွဲ့အစည်းတစ်ခုသာ ဖြစ်၏။ သို့သော် ထိုအဆောက်အဦးအား ဆောက်လုပ်သည့်အချိန်က ထွက်ပေါ်လာသည့် အဖွဲ့အစည်းကတော့ အလွန် သန်မာကာ ကြောက်စရာ ကောင်းလွန်းလှသည်။

ထိုအချိန်မှစ၍ တူနှစ်ကိုယ် ကျင့်ကြံခြင်း နတ်ဆိုးမျှော်စင်က တိုင်လီမြို့တော်တွင် ထိပ်သီးအင်အားစု တစ်ခုဖြစ်လာ၏။

" အဲ့ဒီအချိန်တုန်းက တူကိုယ်နှစ်ကျင့်ကြံခြင်း နတ်ဆိုးမျှော်စင် တည်ဆောက်တာကို ငါတို့က သည်းခံပြီး ဒီအတိုင်းပဲ ကြည့်နေခဲ့ရတယ်၊ သခင်လေးချန် အခုမင်းက နတ်ဆိုးမျှော်စင်ကို ဖျက်ဆီးလိုက်ပြီဆိုတော့ ဒီ

လူတွေက သခင်လေးချန်ကို ခွင့်လွှတ်လိမ့်မယ်လို့မထင်ဘူး "

" ဒါပေမဲ့ သခင်လေးချန် စိတ်ချပါ၊ ငါတို့ဂိုဏ်းချုပ်တွေ အကုန်လုံး မိုးကြိုးပင်လယ်ထဲ ရောက်နေတယ် ဆိုပေမဲ့ သွေးကရဏာမဲ့ မျှော်စင်ကို ဘယ်သူမှ ထိခိုက်အောင်လုပ်ဖို့ ခွင့်မပြုဘူး "

ချင်းချန် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာကျော်ကို စဉ်းစားလိုက်သောအခါ ထိုသန်မာသော ကျင့်ကြံသူ အဖွဲ့က တိမ်တိုက်မြူခိုးနန်းတော်၏ ရုပ်သေးရုပ်များ ဖြစ်မည်မှာ ကျိန်းသေသည်။

တူနှစ်ကိုယ် ကျင့်ကြံခြင်း မျှော်စင်ကို ဖျက်ဆီးသည့် အချိန်က ထိပ်သီးကျင့်ကြံသူများ မထွက်ပေါ်လာသည်မှာ အံ့ဩစရာ မဟုတ်တော့ပေ။ ထိုသူများ အားလုံး မိုးကြိုးပင်လယ်ထဲသို့ ရောက်ရှိနေခြင်း ဖြစ်၏။

ချင်းချန် မည်သည့်အရာမှ ထပ်မပြောတော့သည်ကိုမြင်လျှင် ဂီဟောင်ဆန် ချက်ချင်းပင် နှုတ် ဆက်ကာ ပြန်သွား၏။

တစ်ခဏအကြာတွင် တိုင်ရွှမ်ယီ အဖွဲ့အစည်းမှနေ၍ ချင်းချန်ဆီသို့ မိုးကြိုးပင်လယ်၏ ပြီးပြည့်စုံသော မြေပုံတစ်ခုကို ပေးပို့လာခဲ့သည်။

ထို့အပြင် ဂီဟောင်ဆန်သည် ထိပ်သီးအဖွဲ့အစည်းများနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ပေးပို့ခဲ့၏။

ထိုလုပ်ရပ်က ချင်းချန် ဂီဟောင်ဆန်ကို အထင်ကြီးသွားစေသည်။ ထို့နောက် ချင်းချန် သွေးကရဏာမဲ့ မျှော်စင်ကို ကာကွယ်ရန် အလွန်သန်မာသော အစီရင်တစ်ခုကို အချိန်ယူစဉ်းစားကာ ဖွဲ့စည်းခဲ့၏။

ကောင်းကင်ဘုံ ဧကရာဇ် တောင်သခင်သည်လည်း ရှားဝူရှန်နှင့် အခြားသူများအား ကာကွယ်ရန်အတွက် သွေးကရဏာမဲ့ မျှော်စင်တွင် တိတ်တဆိတ် ပုန်းအောင်ကာ စောင့်ကျန်ရစ်ခဲ့သည်။

ချင်းချန် မိုးကြိုးပင်လယ်သို့ မထွက်ခွာမီ ရှားဝူရှန်နှင့် ကျန်သူများအားလုံး အတွက် ဆေးလုံး အမြောက်အများ ဖော်စပ်ကာ ထားရစ်ခဲ့၏။ ထို့နောက် မဟာတာအိုသစ်သီး၊ ကောင်းကင်တာအို သစ်သီးတို့ကိုလည်း ချန်ထားခဲ့ကာ သိုင်းဇကေရာဇ် အထွတ်ထိပ်အဆင့်သို့ အလျင်အမြန် ကျင့်ကြံရန် အတွက် အရင်းအမြစ်ပေါင်း မြောက်များစွာကိုလည်း ထားရစ်ခဲ့သည်။

ထိုအရာများအားလုံး လုပ်ဆောင်ပြီးနောက် ချင်းချန် တိုင်လီမြို့တော်မှ ဖူရှန်းဂေါင်၊ ယိုချင်းရွှယ်၊ ဂျောင်ယူရီတို့နှင့် အတူ မိုးကြိုးပင်လယ်သို့ လျင်မြန်စွာ ထွက်ခွာလာသည်။

မိုးကြိုးပင်လယ်က သိုင်းကုန်းမြေတိုက်ကြီးတွင် အလွန်ကြောက်စရာကောင်းကာ အန္တရာယ်များသော နေရာတစ်ခုဖြစ်၏။

အခြားလူများ အတွက်တော့ မိုးကြိုးပင်လယ်အား ရောက်ရှိရန် အချိန်ပေါင်းမြောက်များစွာ ယူဆောင်ရသော်လည်း ချင်းချန်ကတော့ ဟင်းလင်းပြင်အား တိုက်ရိုက်ပင် ဖောက်ထွက်ကာ နှစ်ရက်အတွင်း မိုးကြိုးပင်လယ်သို့ ရောက်ရှိလာသည်။

" ဂျိမ်း ဂျိမ်း ဂျိမ်း "

ချင်းချန်နှင့် ဖူရှန်းဂေါင်တို့ နှစ်ယောက်လုံးက မိုးကြိုးပင်လယ်ကို တွေ့ဖူးသဖြင့် တည်ငြိမ်နေကြသော်လည်း ယိုချင်းရွှယ်နှင့် ဂျောင်ယူရီတို့ကတော့ မိုးကြိုးပင်လယ်သို့ ရောက်ရှိဖူးသည်မှာ ပထမဆုံးအကြိမ်ဖြစ်၏။ ကျယ်ပြောလှသော အကန့်အသတ်မရှိသည့် ကောင်းကင်တာအို စွမ်းအားကို ထိုမိုးကြိုးပင်လယ်တွင် သူတို့ခံစားနေရသည်။

သူတို့၏ အရှေ့တွင် အဆုံးမဲ့သော မိုးကြိုးပင်လယ်ကြီးက မျက်စိတစ်ဆုံးကြည့်၍ပင် မဆန့်ပေ။

မိုးကြိုးလျှပ်စီးများကလည်း နေရာတိုင်းကို လွှမ်းခြုံထား၏။

မျက်စိတစ်ဆုံး မြင်နိုင်သော နေရာများအားလုံးက အဆုံးမဲ့မိုးကြိုးများနှင့် ပြည့်နှက်နေခြင်းဖြစ်သည်။

မိုးကြိုးလျှပ်စီးများက မြွေလေးများလို ကောင်းကင်ထက်တွင် တွန့်လိမ်လှုပ်ရှားနေကြ၏။

မိုးကြိုးပင်လယ်အား ပထမဆုံးအကြိမ် မြင်ဖူးသူတိုင်းက ထိတ်လန့်တုန်လှုပ် သွားကြမည်ဖြစ်ကာ ထိုကဲ့သို့ ကြောက်မက်ဖွယ်ရာ မိုးကြိုးပင်လယ် အဘယ့်ကြောင့် ဖြစ်ပေါ်နေသည်လည်း ဆိုတာကို စဥ်းစားမရဖြစ်သွားချေပြီ။

" သွားကြစို့ "

ချင်းချန်၏ ဦးဆောင်မှုအောက်တွင် သူတို့အားလုံး ချက်ချင်းပင် မိုးကြိုးပင်လယ်ထဲသို့ ဝင်ရောက်လိုက်ကြ၏။

မိုးကြိုးပင်လယ်သို့ ဝင်ရောက်ပြီးသည်နှင့် ကျောင်ယူရီနှင့် ယိုချင်းရွှယ်တို့ သူတို့ အရှေ့ရှိ မိုးကြိုးပင်လယ်က ထိတ်လန့်စရာကောင်းသော်လည်း အပြင်ဘက်တွင်ရှိသော မိုးကြိုးများက သိပ်အားမကောင်းပေ။ ထိုးမိုးကြိုးများအားလုံးက အင်ပါယာအဆင့်တက် မိုးကြိုးကပ်ဘေး စွမ်းအားလောက်သာ ရှိ၏။

မိုးကြိုပင်လယ်ထဲသို့ ဝင်ရောက်ရန်အတွက် အနိမ့်ဆုံးကျင့်ကြံအဆင့်က သိုင်းဧကရာဇ်အဆင့် ရှိရမည် ဖြစ်သည်။ သိုင်းဧကရာဇ် အဆင့်ထက်နိမ့်လျှင် မိုးကြိုးပင်လယ်၏ အဝမှာတင် ခန္ဓာကိုယ် ပေါက်ကွဲကာ ပျက်စီးသွားနိုင်၏။

သိုင်းဧကရာဇ် အဆင့်တောင်မှ အပြင်ဘက်ခြမ်းတွင် နေထိုင်နိုင်သည်။

သိုင်းဧကရာဇ် အဆင့်ထက် မြင့်သော ကိုးကောင်းကင် သိုင်းဧကရာဇ် အဆင့် ကျင့်ကြံသူများသာ အတွင်းပိုင်းသို့ ဝင်နိုင်ကြခြင်းဖြစ်၏။ ထို့အပြင် ကျင့်ကြံသူတိုင်းသည် မိုးကြိုးကပ်ဘေးကို ရင်ဆိုင်ရချိန်တွင် သုံးကြိမ်သို့မဟုတ် ကိုးကြိမ်သာ အများဆုံး ရင်ဆိုင်ရသော်လည်း ဤနေရာတွင် မိုးကြိုးကပ်ဘေးက အဆုံးမဲ့ကျဆင်းနေခြင်းဖြစ်သည်။ ချင်းချန်တို့ အဖွဲ့အတွက် အပြင်ဘက်ရှိ မိုးကြိုးကပ်ဘေးများမှာ သူတို့အား မည်သို့မှ မခံစားရစေပေ။

" ဂျိမ်း ဂျိမ်း ဂျိမ်း ဒိန်း "

မိုးကြိုးပင်လယ်ထဲတွင် အသံများ ဆက်တိုက်ဆူညံ ပေါက်ကွဲနေခဲ့ပြီး ချင်းချန်တို့၏ ခန္ဓာကိုယ်က ထုံကျင်နေသော်လည်း ထိခိုက်မှုတစ်စုံတစ်ရာကို ခံစားရခြင်း မရှိချေ။ ထို့အပြင် ချင်းချန်တို့အားလုံး မိုးကြိုးပင်လယ်ထဲသို့ ဝင်ရောက်လာသည်နှင့် တပြိုင်နက် မိုးကြိုးပင်လယ်ထဲမှ ကြောက်မက်ဖွယ် အလိုတစ်ခုကို ခံစားလိုက်ရ၏။ ထိုအလိုက သူတို့၏ စိတ်ဝိညာဥ်နှင့် ခန္ဓာကိုယ်ကိုပင် ဖျက်ဆီးနိုင်သော အလိုဆန္ဒ တစ်မျိုးဖြစ်သည်။

မည်မျှ ကြောက်မက်ဖွယ် ကောင်းသည့် မိုးကြိုးပင်လယ် ဖြစ်သနည်း။

***

# အပိုင်း ( ၁၉၇၂ )

တကယ်တော့ မိုးကြိုးသွေးမျိုးဆက်သာ သူ့တွင်မရှိလျှင် ကြောက်စရာကောင်းသော မိုးကြိုးကပ်ဘေးအား အကြိမ်ကြိမ် ရင်မဆိုင်ဘူးလျှင် သူ့အတွက် ထိုအလိုဆန္ဒကို တွန်းလှန်ရန် ခက်ခဲလွန်းလှ၏။

သို့သော် ယခုအချိန်တွင် သူသည် ကိုးကောင်းကင် သိုင်းဧကရာဇ် အစောပိုင်း အထွတ်ထိပ်အဆင့်သာ ရှိသော်လည်း သူ၏ စိတ်ဝိညာဉ်ကတော့ အလွန်အမင်းကို အားကောင်းနေပြီ ဖြစ်၏။

ကိုးကောင်းကင် သိုင်းဧကရာဇ်အဆင့်သို့ ဖြတ်ကျော်ရင်း နှလုံးမိစ္ဆာ အတွေးနတ်ဆိုး မိုးကြိုးကပ်ဘေးကို ဖြတ်ကျော်ခဲ့သည့် အချိန်ကလွဲ၍ သူ၏ဝိညာဉ်က မည်သူ့ကိုမှ မကျရှုံးဖူးသေးချေ။

သူ၏ စိတ်ဆန္ဒက အလွန်ခိုင်မာကာ မာကြောလှ၏။

ထို့နောက် ချင်းချန်၏ ခန္ဓာကိုယ်ထဲမှ မိုးကြိုးသွေးမျိုးဆက်က တဝုန်းဝုန်း တဂျိမ်းဂျိမ်း အော်မြည်သံများ ထွက်ပေါ်လာပြီး သူ၏ စိတ်ဝိညာဉ် ပင်လယ်သို့ ရိုက်ခတ်နေသော အရာများအားလုံး ရှင်းလင်းသွားသည်။

သူ၏ ပတ်ဝန်းကျင်တွင်ရှိနေသော ဝမ်းနည်းဖွယ် တစ္ဆေသရဲ ငိုကြွေးသံများအားလုံးက ချင်းချန်၏ နားထဲမှ ပျောက်ကွယ်သွား၏။

ချင်းချန်အား ထိုအချိန်တွင် တုန်လှုပ်သွားစေသည်က မိုးကြိုးပင်လယ်ရှိ မိုးကြိုးများက သူ၏ခန္ဓာ ကိုယ်ကို ရိုက်ခတ်လာသည့်အချိန်တိုင်း သွေးမျိုးဆက်စွမ်းအားက ခန္ဓာကိုယ်အစိတ်အပိုင်းများဆီကို အလွယ်တကူ ပျံ့နှံ့ရောက်ရှိသွားသလို ခံစားလိုက်ရခြင်း ဖြစ်သည်။

သူ၏ခန္ဓာကိုယ်က ရုတ်တရက် အလွန်ပင် ပေါ့ပါးလာ၏။

ချင်းချန် ပျော်ရွှင်သွားသည်။ သူမိုးကြိုးပင်လယ်ကို လာရန်ရွေးချယ်လိုက်သည်က မှန်ကန်သွားခဲ့ပုံပင်။

ဤမတိုင်မီက သူ၏ခန္ဓာကိုယ်နှင့် သွေးမျိုးဆက်စွမ်းအားကို ပေါင်းစပ်ရန် နည်းလမ်းက မည်သို့မှ ရှာ၍မတွေ့ခဲ့ချေ။

ယခုအချိန်တွင် သူပထမဆုံး လုပ်ရမည်က သူ့အတွက် သင့်တော်သည့် ကျင့်ကြံခြင်းနေရာတစ်ခုကို ရှာဖွေရန် ဖြစ်၏။

" မင်းတို့ အဆင်ပြေရဲ့လား "

ချင်းချန် ယိုချင်းရွှယ်တို့ကိုကြည့်ကာ မေးလိုက်သည်။

" ဒီမိုးကြိုးပင်လယ်က တော်တော်လေးကို ကြောက်စရာကောင်းတာပဲ "

ယိုချင်းရွှယ်နှင့် ဂျောင်ယူရီ နှစ်ယောက်လုံး၏ မျက်နှာများက တအံ့တဩဖြစ်နေကြ၏။ သူတို့သည် ထိုဝမ်းနည်းဖွယ် ကောင်းသော တစ္ဆေသရဲငိုကြွေးသံများကို ကြားနေရသော်လည်း သူတို့၏ ကိုယ်ပိုင်စွမ်းအားနှင့် ခန္ဓာကိုယ်ထဲ ရှိနေသောအရာများက ထိုစွမ်းအားကို အလွယ်တကူ ရှာတွေ့နိုင်သည်။

" မိုးကြိုးဆိုတာက ကောင်းကင်ကို ကိုယ်စားပြုတဲ့ ဖျက်ဆီးခြင်း အမျက်ဒေါသတစ်မျိုး မဟုတ်ဘူးလား၊ မိုးကြိုးက မိစ္ဆာ၊ဝိညာဥ်၊တစ္ဆေ၊ သရဲတွေနဲ့ နတ်ဆိုးတွေအတွက် အကြီးမားဆုံး ဘေးကပ်ဆိုးကြီးပဲ၊ ဒါပေမဲ့

ဘာဖြစ်လို့ မိုးကြိုးပင်လယ်ထဲမှာက တဇ္ဈေ၊ သရဲဝိညာဥ် အော်သံတွေ အချိန်တိုင်း ကြားနေရတာလဲ "

ယိုချင်းရွှယ် သူမ၏မျက်နှာတွင် သံသယများ ဝင်လာပြီး မေးမြန်းလိုက်၏။

" မိုးကြိုးပင်လယ်က အမြဲတမ်း ထူးဆန်းနေတာပဲ၊ ကုန်းမြေတိုက်ကြီးက လူတော်တော်များများ ဒီကိုအခေါက်ပေါင်း မရေတွက်နိုင်အောင် လေ့လာဖူးပေမဲ့ ဘယ်သူမှ အဖြေက ဘာလဲဆိုတာ ကောက် ချက်မချနိုင်ဘူး "

ဖူရှန်းဂေါင် ပြုံးကာ ပြောလိုက်၏။

သူ ယခင်က မိုးကြိုးပင်လယ်ကို နှစ်ကြိမ်ရောက်ဖူးပြီး ဤနေရာမှ အရာများအားလုံးက သူနှင့်အလွန်ပင် ရင်းနှီးမှု ရှိလှသည်။

" ဒါဆိုသွားကြရအောင် "

ချင်းချန်၏ ပုံရိပ်က ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားသွားကာ မိုးကြိုးပင်လယ်၏ အနက်ရှိုင်းဆုံးနေရာသို့ တိုးဝင်သွား၏။

ချင်းချန်တို့အဖွဲ့ အတွင်းသို့ တိုးဝင်လာသည်နှင့် အမျှ မိုးကြိုးများက ပိုမိုများပြားလာသလို သူတို့၏ စွမ်းအားကလည်း ပိုမိုပြင်းထန်လာသည်။

ချင်းချန်၏ လက်ထဲတွင် ဂီဟောင်ဆန် ပေးလိုက်သော မိုးကြိုးပင်လယ် မြေပုံ ရှိ၏။ ထိုမြေပုံက မိုးကြိုးပင်လယ် တစ်ခုလုံး၏ မြေပုံမဟုတ်သော်လည်း ဦးတည်ချက် တော်တော်များများကို ညွှန်ပြထားနိုင်သည်။

ချင်းချန်၏ ခန္ဓာကိုယ်တွင်တော့ မိုးကြိုးသွေးမျိုးဆက်က အလိုအလျောက် လည်ပတ်နေကာ သူ၏ ခန္ဓာကိုယ်အား ကျရောက်လာသော မိုးကြိုးများကို သာမန်မိုးကြိုးများအဖြစ် ပြောင်းလဲသွားစေ၏။

" နေဦး အရှေ့မှာ လူတစ်ယောက်ရှိတယ် "

ချင်းချန် သူ၏အာရုံထဲ၌ အရှေ့တွင် လူတစ်ယောက် ရှိနေသည်ဆိုတာကို ချက်ချင်း အာရုံခံမိလိုက်သည်။

ထို့နောက် သူတို့ အရှေ့သို့ အလျင်အမြန် လျှောက်သွားလိုက်လျှင် လူတစ်ယောက်က မိုးကြိုးပင်လယ်ထဲတွင် တင်ပျဉ်ခွေထိုင်ကာ အရှေ့သို့ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူ၏ခန္ဓာကိုယ်၌ ဝတ်ရုံက စုတ်ပြဲနေကာ မိုးကြိုးများ၏ လောင်ကျွမ်းခြင်းကို ခံထားရသည်။

အဆုံးမဲ့သော မိုးကြိုးများက သူ၏ ခန္ဓာကိုယ်ကို လှိုင်းလုံးကြီးများအလား ဝင်ရောက်ကာ ပစ်ချနေ၏။

ထိုလူ မြေကြီးပေါ်တွင် ဤအတိုင်း တင်ပျဉ်ခွေ ထိုင်နေခြင်းဖြစ်ကာ သူ၏ခန္ဓာကိုယ်ကို မည်သည့်အရာနှင့်မှ ကာကွယ်ထားခြင်း မရှိပေ။

" ဟား ဟား ဟား ဟား "

ထိုလူက အရူးတစ်ယောက်လို ထ၍ ရယ်မောလိုက်၏။

" ချင်းချန် သူဘာဖြစ်နေတာလဲ "

ယိုချင်းရွှယ် တစ်ဖက်လူ၏ ပုံစံအားကြည့်ကာ ချက်ချင်းပင် သူမ၏လက်ထဲ၌ ဓားတစ်ချောင်း ထွက်ပေါ်လာသည်။

" နေဦး ငါလုပ်လိုက်မယ် "

ချင်းချန် ယိုချင်းရွှယ်အား တားဆီးလိုက်ပြီး ထိုလူ၏ နားသို့ကပ်သွားမည့် အချိန်တွင် ထိုလူ၏ လက်ထဲတွင် ကိုင်ထားသောဓားအား မြေပြင်သို့ ကျသွားကာ သူ၏ဦးခေါင်းကလည်း ဇက်ကျိုး ကျသွား၏။

ထိုသို့ ဇက်ကျိုးကျသွားသည်နှင့် သူ၏ခန္ဓာကိုယ် တစ်ခုလုံးက အဆုံးမဲ့သော မိုးကြိုးလျှပ်စီးများ အောက်တွင် တစ်စစီ ပဲ့ကြွေကျကာ လောင်ကျွမ်း

သွားသည်။

" နောက်ကျသွားပြီ သူ အသက်မရှိတော့ဘူး "

ချင်းချန် သူ၏စိတ်ဝိညာဥ်ဖြင့် ထိုလူ၏ ခန္ဓာကိုယ်အား စစ်ဆေးလိုက်သည့်အချိန်တွင် ထိုလူ၏ဝိညာဥ် မရှိတော့သည်ကို သိရှိလိုက်ရ၏။

၎င်းသည် ကိုးကောင်းကင် သိုင်းဇကေရာဇ် အစောပိုင်းအဆင့် ကျင့်ကြံသူတစ်ဦးဖြစ်ကာ မိုးကြိုးပင် လယ်ထဲတွင် သူ၏ဘဝက ကုန်ဆုံးသွားရချေပြီ။

သူမည်သည့်အရာကို ပြုလုပ်နေမှန်း မသိရှိချေ။ သူ၏ခန္ဓာကိုယ်မှ ခမ်းခြောက်နေသည့် စစ်မှန်သော ချီအနှစ်သာရများကို ကြည့်ခြင်းအားဖြင့် ထိုသူ မိုးကြိုးပင်လယ်၏ လှည့်ဖြားမှုအောက်သို့ ကျဆင်းသွားခဲ့ပုံ ရလေ၏။

ကြောက်မက်ဖွယ်ကောင်းသော မိုးကြိုးလျှပ်စီးများ၏ စွမ်းအားအောက်တွင် ထိုလူ၏ ခန္ဓာကိုယ်က အသက်ရှူကြိမ် အနည်းငယ်အတွင်း အပိုင်းပိုင်းအစစဖြင့် ပြောင်းလဲကာ ပြန့်ကျဲသွားသည်။

ထိုလူ၏ ခန္ဓာကိုယ်က ပြာမှုန့်များအဖြစ် လောင်ကျွမ်းခံလိုက်ရကာ မိုးကြိုးပင်လယ်ထဲသို့ စီးမျောသွား၏။

မိုးကြိုးလျှပ်စီးများက မဖျက်ဆီးနိုင်သော ပစ္စည်းအချို့သာ ထိုလူရှိသည့်နေရာတွင် ကျန်ခဲ့သည်။

ဓားတစ်ချောင်းက မြေပြင်ပေါ်တွင် စိုက်နေပြီး မိုးကြိုးလျှပ်စီးများအောက်တွင် တုန်ခါနေ၏။

ထိုဓားက ထိုလူသေဆုံးသွားသည်ဆိုသည့် တစ်ခုတည်းသော အမှတ်အသား ဖြစ်သည်။

နှစ်ပေါင်းရာနှင့်ချီ ကြာပြီးနောက် ထိုဓားက မိုးကြိုးပင်လယ်၏ အဆုံးမဲ့သော မိုးကြိုးလျှပ်စီးများ အောက်တွင် ဖျက်ဆီးခံလိုက်ရမည်မှာ ကျိန်းသေ

သည်။

မိုးကြိုးပင်လယ်ထဲတွင် တော်ဝင် ဧကရာဇ် လက်နက်များသာ ကြာရှည်စွာ တည်ရှိနေနိုင်ခြင်း ဖြစ်၏။ ရိုးရိုးအင်ပါယာ အဆင့် လက်နက်များက နှစ်ပေါင်းရာနှင့်ချီသာ ခံနိုင်ရည် ရှိသည်။

" ဒီလူက မိုးကြိုးပင်လယ်ကြောင့် သူ့ရဲ့ အသိစိတ်တွေ ပျောက်ဆုံးသွားတာထင်တယ် "

" သူ့ရဲ့အသိစိတ်တွေ ပျောက်ဆုံးသွားတာပဲ "

ချင်းချန် သက်ပြင်းချလိုက်ကာ ပြောလိုက်၏။

ချင်းချန် ထိုလူသေဆုံးသွားသည့် နေရာရှေ့တွင် အချိန်အတော်ကြာအောင် မလှုပ်မယှက် ရပ်နေခဲ့သည်။ သူ ထိုကျင့်ကြံသူထံမှ မည်သည့်အရာမှ ယူဆောင်ခဲ့ခြင်း မရှိပေ။ သို့လှောင်လက် စွပ်ကိုလည်း ဤအတိုင်းပင် ထားရှိခဲ့၏။ ထိုသူ၏ဓားပေါ်တွင်တော့ ယောင်ဟူသော စကားလုံးကို သူမြင်လိုက်ရသည်။

ထိုအရာက ထိုကိုးကောင်းကင် သိုင်းဧကရာဇ် အ စောပိုင်းအဆင့် ကျင့်ကြံသူ၏ နာမည်ဖြစ်နိုင်၏။ သို့မဟုတ် ၎င်းက သူ့အတွက်လည်း အလွန်ပင် အဓိပ္ပါယ်ရှိသည့် နာမည်တစ်ခုလည်း ဖြစ်နိုင်သည်။

သို့သော် ယခုအချိန်တွင် ထိုအရာများအားလုံးက အရေးမကြီးတော့ပေ။

အစောပိုင်း ကိုးကောင်းကင် သိုင်းဧကရာဇ် ကျင့်ကြံသူတစ်ယောက်က မိုးကြိုးပင်လယ်ထဲတွင် မထင်မရှားဖြင့် သေဆုံးသွားချေပြီ။

သူ၏ရှေ့အနာဂါတ်က အလွန် ထင်ရှားကျော် ကြားသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်လာနိုင်သော်လည်း ယခုအချိန်တွင်တော့ မိုးကြိုးပင်လယ်ထဲတွင် သေဆုံးသွားပြီ ဖြစ်၏။

ချင်းချန် ထိုလူအားကြည့်ကာ ချက်ချင်းပင် ချင်းရွှယ်နှင့် ဂျောင်ယူရီတို့ကို သတိပေးလိုက်သည်။

" ဒီနေရာမှာ ကြောက်စရာကောင်းတဲ့ မိုးကြိုးသွေးမျိုးဆက် စွမ်းအားအပြင် စိတ်ဝိညာဥ်ကိုလည်း တိုက်ခိုက်မှုတွေက တော်တော်လေးကို ဆိုးရွားတယ်၊ စိတ်ဝိညာဥ် အသိစိတ်လွတ်မှုကြောင့် မရေတွက်နိုင်တဲ့ ကျင့်ကြံသူတွေ နှစ်စဥ်ဒီနေရာမှာ သေဆုံးသွားသူတွေက အများကြီးပဲ၊ ဒါကြောင့်မို့ မင်းတို့နှစ်ယောက်လုံး ခံနိုင်ရည် အကန့်အသတ်ထက် ကျော်လွန်ပြီးတော့ နက်ရှိုင်းတဲ့နေရာကို ထပ်ပြီးတိုးဝင်ဖို့အတွက် မကြိုးစားရဘူး၊ အရေးကြီးဆုံးက မင်းတို့ရဲ့စိတ်ဝိညာဥ်ကို အမြဲတမ်းတည်ငြိမ်အောင် ထိန်းထားနိုင်ဖို့ပဲ၊ ဘယ်လိုအတွေးမျိုး ဝင်လာပါစေ ဖယ်ထုတ်ပစ်လိုက် "

ချင်းချန် လေးနက်စွာဖြင့် ပြောကြားလိုက်၏။

ယိုချင်းရွှယ်နှင့် ဂျောင်ယူရီတို့က ယခုမှသာလျှင် မိုးကြိုးပင်လယ်၏ ကြောက်စရာကောင်းမှုကို ပိုမို၍ နားလည်လာသည်။ ဤနေရာသည် ကျင့်ကြံရန်အတွက် နေရာကောင်းတစ်ခု ဖြစ်သော်လည်း အ သက် အန္တရာယ်အတွက် အလွန် စိုးရိမ်ရသော နေရာတစ်ခုလည်း ဖြစ်၏။

" ဒါပေမဲ့ ဒီနေရာက မိုးကြိုးပင်လယ်ရဲ့ အနက်ရှိုင်းဆုံးနေရာ မဟုတ်သေးဘူး၊ ကိုးကောင်းကင် သိုင်းဧကရာဇ် ကျင့်ကြံအဆင့် အခြေခံနဲ့ ဒီလိုမျိုး အသိစိတ် မပျောက်ဆုံးသင့်ဘူး၊ သူဘာဖြစ်သွားတာလဲ "

ဖူရှန်းဂေါင် ရုတ်တရက် သံသယဝင်စွာဖြင့် ပြောလိုက်၏။

***